ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# အနှစ်ချုပ်အစီရင်ခံစာ




**သန်းခေါင်စာရင်းအစီရင်ခံစာအတွဲ (၂)**

ပြည်သူ့အင်အားဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# အနှစ်ချုပ်အစီရင်ခံစာ

ပြည်သူ့အင်အားဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ရုံးအမှတ် (၄၈)၊ နေပြည်တော်

ဖုန်း +၉၅ ၆၇ ၃၄၃၁၀၆၂

Website: www.dop.gov.mm

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ

# နိဒါန်း

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် အမျိုးမျိုးသောစိန်ခေါ်မှုများကြားမှ အောင်မြင်အောင် ကြိုးပမ်းခဲ့ရသည့် အထင်ကရ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူပြီးနောက် ၁၀ နှစ်အကြာတွင် ဆောင်ရွက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ လူဦးရေ၊ အိမ်ထောင်စုများနှင့် လူမှုစီးပွားဆိုင်ရာ အကြောင်းအရာများကို ခိုင်မာသည့် အချက်အလက်များအဖြစ် ယုံကြည်စွာအသုံးပြုနိုင်ရန် ပေးစွမ်းနိုင်ပါသည်။

ယင်းသို့ ယုံကြည်စိတ်ချရသော လူဦးရေဆိုင်ရာအချက်အလက်များရှိခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများရေးဆွဲခြင်းမှသည် ကျောင်း၊ ဆေးရုံအစရှိသည့် အခြေခံအဆောက်အအုံများ မြှင့်တင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် နိုင်ငံဖွံ့ဖြိုးရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် သုံးသပ်အကဲဖြတ်ခြင်းတို့အတွက် ပြည့်စုံမှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် များစွာအထောက်အကူပြုပါသည်။

ဤအနှစ်ချုပ်အစီရင်ခံစာ၏ အခန်းတစ်ခုချင်းစီတွင် လူဦးရေအရွယ်အစား၊ မြို့ပြထွန်းကားလာမှု၊ ရွှေ့ပြောင်းသွားလာမှု၊ ပညာရေး၊ အလုပ်အကိုင်နှင့် လုပ်သားအင်အား၊ နေအိမ်၊ မသန်စွမ်းမှုနှင့် အခြားသော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကြောင်းအရာများ၏ အဓိကရလဒ်များကို ဖော်ပြထားပြီး အချက်အလက်များကို အလွယ်တကူအသုံးပြုနိုင်ရန် ဇယားများ၊ ပုံများ၊ အတိုချုပ်ရှင်းလင်းချက်များဖြင့် ပုံဖော်တင်ပြထားပါသည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းသည် အကြမ်းဖက်ဖြစ်စဉ်များ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာအခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရသည့်အတွက် ဒေသအချို့တွင် စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့ပေ။ အဆိုပါဒေသများ၏ ခန့်မှန်းလူဦးရေစာရင်း အချက်အလက်များရရှိရန် စာရင်းအင်းပညာနှင့် ခေတ်မီနည်းပညာများကို ပေါင်းစပ်အသုံးပြုဆောင်ရွက်ခဲ့ရသည့်အတွက် အချက်အလက်အသုံးပြုသူများအနေဖြင့် ယင်းဒေသများ၏ အညွှန်းကိန်းများကို အလေးဂရုပြု အသုံးပြုစေလိုပါသည်။

ဤသို့စိန်ခေါ်မှုများရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မဖြစ်မနေအသုံးပြုရမည့် အရေးပါဆုံး အချက်အလက် အရင်းအမြစ်တစ်ခုအဖြစ် တည်ရှိနေပါသည်။ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းအတွင်း ပြောင်းလဲမှုဖြစ်စဉ်များ၊ လက်ရှိခံစားရရှိနေသော အခွင့်အလမ်းများနှင့် အလေးပေးဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကို ဤသန်းခေါင်စာရင်း အချက်အလက်များမှတစ်ဆင့် ရှင်းလင်းစွာ သိမြင်နိုင်သည့်အတွက် ပိုမိုကောင်းမွန်သော အနာဂတ်စီမံကိန်းများ ရေးဆွဲရာတွင် နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ အချက်အလက်အသုံးပြုသူများနှင့် ပြည်သူလူထုအားလုံးအတွက် အထောက်အကူပြုပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

ဤအနှစ်ချုပ်အစီရင်ခံစာသည် မူဝါဒရေးဆွဲသူများ၊ သုတေသီများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပြည်သူများအနေဖြင့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရှင်းလင်းလွယ်ကူစွာ မှီငြမ်းကိုးကား အသုံးပြုနိုင်စေရန် ရည်ရွယ်၍ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာမှ အရေးကြီးပြီး အဓိကကျသည့် အချက်အလက်များကို ဖော်ထုတ်ပြုစုထားခြင်း ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

# လူဦးရေဆိုင်ရာအချက်အလက်များ



၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းသည် လူဦးရေပြောင်းလဲမှု ဖြစ်စဉ်၊ အသက်နှင့် ကျား/မ ဖွဲ့စည်းမှုပုံစံ၊ မှီခိုသူအချိုးနှင့် ကျား/မအချိုး၊ မွေးဖွားမှုနှင့် သေဆုံးမှုပုံစံများ၊ အိမ်ထောင်စုဖွဲ့စည်းမှုပုံစံ၊ ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစားနှင့် မွေးစာရင်းမှတ်ပုံတင်မှု အခြေအနေစသည့် လူဦးရေဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပံ့ပိုးပေးပါသည်။ ဤအချက်အလက်များသည် နိုင်ငံ၏လက်ရှိအခြေအနေနှင့် ပြောင်းလဲလာမှုများကို ပြဆိုနေပါသည်။

## လူဦးရေအရွယ်အစားနှင့် ပျံ့နှံ့မှု

- မြန်မာနိုင်ငံ၏ **လူဦးရေစုစုပေါင်းမှာ ၅၁.၄ သန်း** (စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းလူဦးရေ ၁၉.၂ သန်း အပါအဝင်) ဖြစ်ပါသည်။
- စုစုပေါင်းလူဦးရေတွင် **အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်း**ရှိပြီး အမျိုးသမီးအချိုးအစား ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။
- ရန်ကုန်တိုင်းဒေသကြီးတွင် **လူဦးရေ ၇.၃၇ သန်း** နေထိုင်ပြီး မြန်မာနိုင်ငံ၏လူဦးရေအများဆုံး တိုင်းဒေသကြီးအဖြစ် တည်ရှိနေပါသည်။ ကယားပြည်နယ်တွင် လူဦးရေအနည်းဆုံးဖြစ်ပြီး ၀.၂၉ သန်းရှိပါသည်။ ချင်းပြည်နယ်သည်လည်း လူဦးရေကျဲပါးပြီး ၀.၃၇ သန်း ရှိပါသည်။
- လူဦးရေတိုးနှုန်း တဖြည်းဖြည်းနှေးကွေးလာသည်ကို တွေ့ရပါသည်။ ၂၀၀၀ ပြည့်နှစ်မတိုင်မီကာလများတွင် လူဦးရေ သိသိသာသာ တိုးတက်လာခဲ့ပြီး ၂၀၁၄ ခုနှစ်မှစ၍ လူဦးရေ တည်ငြိမ်လာသည်ကို တွေ့ရှိရပါသည်။





## အသက်နှင့် ကျား/မဖွဲ့စည်းပုံ

လူဦးရေပိရမစ် ၂၀၂၄ ခုနှစ်




- **အသက် ၁၅ နှစ်အောက်ကလေးအချိုး**သည် ၂၀၁၄ ခုနှစ်၌ ၂၈.၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် **၂၅.၂ ရာခိုင်နှုန်း (စုစုပေါင်းလူဦးရေ၏ လေးပုံတစ်ပုံ)** သို့ လျော့ကျခဲ့ပါသည်။
- **အလုပ်လုပ်နိုင်သည့် အသက်အရွယ်အပိုင်းအခြား အသက် ၁၅-၆၄ အုပ်စု** သည် စုစုပေါင်းလူဦးရေတွင် အချိုးအစားအမြင့်ဆုံးဖြစ်ပြီး **၆၆.၉ ရာခိုင်နှုန်း** ပါဝင်ပါသည်။
- အသက် ၆၅ နှစ်နှင့်အထက် **သက်ကြီးရွယ်အိုအချိုး**သည် ၁၉၇၃ ခုနှစ်တွင် ၃.၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် **၇.၉ ရာခိုင်နှုန်း**အထိ သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။
- ပြည်ထောင်စုအဆင့် **ကျား/မအချိုးမှာ အမျိုးသမီး ၁၀၀ ဦးတွင် အမျိုးသား ၉၀ ဦး**ရှိပါသည်။
- **လူဦးရေပိရမစ်သည်** ငယ်ရွယ်သောအသက်အုပ်စုများ၏ အချိုးအစားများပြားမှုကို ညွှန်ပြသည့် **အောက်ခြေကျယ်ပြန့်သောပုံစံ**ရှိနေသေးသော်လည်း ကလေးအုပ်စုများ တဖြည်းဖြည်း ကျဉ်းမြောင်းလာခြင်းသည် မွေးဖွားမှုကျဆင်းလာခြင်းနှင့် လူငယ်များ၏ ရွှေ့ပြောင်းသွားလာမှုများကို ထင်ဟပ်ပေါ်လွင်နေပါသည်။




## မှီခိုသူအချိုးနှင့် သက်ကြီးရွယ်အိုညွှန်ကိန်း

- **စုစုပေါင်းမှီခိုသူအချိုး**သည် ၁၉၇၃ ခုနှစ်တွင် ၈၂.၂ ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် **၄၉.၆** သို့ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။
- **ကလေးမှီခိုသူအချိုး**သည် ၁၉၇၃ ခုနှစ်တွင် ၇၅.၆ ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် **၃၇.၇** သို့ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

- **သက်ကြီးရွယ်အိုမှီခိုသူအချိုး**သည် ၁၉၇၃ ခုနှစ်တွင် ၆.၇ ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် **၁၁.၈** သို့ရောက်ရှိလာပြီး သက်ကြီးရွယ်အိုဦးရေ များပြားလာမှုကို ညွှန်ပြနေပါသည်။
- **သက်ကြီးရွယ်အိုညွှန်ကိန်း**သည် ၁၉၇၃ ခုနှစ်တွင် ၈.၈ ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် **၃၁.၄** သို့ မြင့်တက်လာပြီး ကလေးမွေးဖွားနှုန်း ကျဆင်းလာခြင်းနှင့် မျှော်မှန်းသက်တမ်းမြင့်မားလာခြင်းတို့ကို ညွှန်ပြနေပါသည်။




## အိမ်ထောင်ပြုစဉ်အသက်နှင့် အရှင်မွေးကလေးမွေးဖွားစဉ်အသက်

- အသက် ၁၅-၄၉ အုပ်စု အမျိုးသမီးများ၏ **ပထမဆုံးအိမ်ထောင်ပြုစဉ် အသက်အလယ်ကိန်း**သည် **၂၁.၂ နှစ်** ဖြစ်ပါသည်။
- **ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်း**သည် **၂၃.၇ နှစ်** ဖြစ်ပါသည်။
- မြို့ပြရှိအမျိုးသမီးများသည် ကျေးလက်ရှိ အမျိုးသမီးများထက် အိမ်ထောင်ပြုနောက်ကျပြီး ကလေးမွေးဖွားရာတွင်လည်း နောက်ကျကြောင်း တွေ့ရှိရပါသည်။
- အသက် ၂၀-၂၄ အုပ်စု အမျိုးသမီးများ၏ အသက် ၁၈ နှစ်မပြည့်မီ **ပထမဆုံးအိမ်ထောင်ပြုသူ အမျိုးသမီး ၈.၇ ရာခိုင်နှုန်း** ရှိပါသည်။ ရခိုင်ပြည်နယ်တွင် အသက် ၁၈ နှစ်မပြည့်မီ အိမ်ထောင်ပြုသူ အမျိုးသမီး ၁၉.၉ ရာခိုင်နှုန်းနှင့် ရှမ်းပြည်နယ်တွင် ၁၃.၅ ရာခိုင်နှုန်း အသီးသီးရှိကြပြီး ပြည်ထောင်စုအဆင့်ထက် သိသိသာသာ မြင့်မားနေကြောင်းတွေ့ရှိရပါသည်။
- **လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက်**သည် **အမျိုးသားများတွင် ၂၆.၆ နှစ်** ဖြစ်ပြီး **အမျိုးသမီးများတွင် ၂၄.၆ နှစ်**ဖြစ်ပါသည်။




* အညွှန်းကိန်းများ တွက်ချက်ရန် လုံလောက်သော အရေအတွက် မရှိပါ။

## မွေးဖွားမှု




* အညွှန်းကိန်းများ တွက်ချက်ရန် လုံလောက်သောအရေအတွက် မရှိပါ။

- စုစုပေါင်းကလေးမွေးနှုန်းသည် မိဘနှစ်ဦးကို ပြန်လည်အစားထိုးနိုင်သည့် Replacement Level ၂.၁ ဦးအောက် လျော့နည်းနေသည်ကို တွေ့ရှိရပါသည် -
  ၀ **စုစုပေါင်းကလေးမွေးနှုန်း - ၁.၈ ဦး။**
- စုစုပေါင်းကလေးမွေးနှုန်းသည် မြို့ပြတွင် ၁.၆ ဦးဖြစ်၍ ကျေးလက်တွင် ၂.၀ ဦး ဖြစ်ပါသည်။
- စုစုပေါင်းကလေးမွေးနှုန်းသည် ရခိုင်ပြည်နယ်တွင် ၂.၈ ဦးဖြင့် အမြင့်ဆုံးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၂.၂ ဦးတို့ဖြင့် ဒုတိယအမြင့်ဆုံး ဖြစ်ကြောင်းတွေ့ရှိရပါသည်။
- ပဲခူးတိုင်းဒေသကြီး (၁.၇ ဦး)၊ မကွေးတိုင်းဒေသကြီး (၁.၇ ဦး) နှင့် မန္တလေးတိုင်းဒေသကြီး (၁.၆ ဦး) တို့သည် မွေးဖွားနှုန်းလျော့နည်းသည့် တိုင်းဒေသကြီးများဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီးသည် (၁.၅) ဦးဖြင့် အနိမ့်ဆုံးဖြစ်ပါသည်။
- အသက် ၁၅-၁၉ အုပ်စု မိန်းကလေးများ၏ **ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်း**သည် မိန်းကလေး ၁,၀၀၀ ဦးလျှင် **၁၃ ဦး**ဖြစ်ပြီး ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် မြင့်မားကြောင်းတွေ့ရှိရပါသည်။

## သေဆုံးခြင်းနှင့် မွေးဖွားစဉ်မျှော်မှန်းသက်တမ်း

- အရှင်မွေးကလေး ၁,၀၀၀ ဦးလျှင် **တစ်နှစ်အောက်ကလေးသေနှုန်း** ၃၂.၃ ဦး ဖြစ်ပါသည်။
- အရှင်မွေးကလေး ၁,၀၀၀ ဦးလျှင် **ငါးနှစ်အောက်ကလေးသေနှုန်း** ၃၉.၆ ဦး ဖြစ်ပါသည်။
- **မွေးဖွားစဉ်မျှော်မှန်းသက်တမ်း**သည် ၆၉.၀ နှစ် ဖြစ်ပါသည်။ အမျိုးသမီးများ၏ မျှော်မှန်းသက်တမ်းသည် ၇၂.၀ နှစ် ဖြစ်၍ အမျိုးသားများ၏ မျှော်မှန်းသက်တမ်းသည် ၆၆.၅ နှစ် ဖြစ်ပြီး ၅.၅ နှစ် ကွာဟပါသည်။




* အညွှန်းကိန်းများ တွက်ချက်ရန် လုံလောက်သောအရေအတွက် မရှိပါ။

| သန်းခေါင်စာရင်း | မွေးဖွားစဉ် မျှော်မှန်းသက်တမ်း | | |
|---|---|---|---|
| | ပေါင်း | ကျား | မ |
| ၂၀၁၄ သန်းခေါင်စာရင်း | ၆၆.၈ | ၆၃.၉ | ၆၉.၉ |
| ၂၀၂၄ သန်းခေါင်စာရင်း | ၆၉.၀ | ၆၆.၅ | ၇၂.၀ |

- တိုင်းဒေသကြီး/ပြည်နယ်အလိုက် လေ့လာရာတွင် ရန်ကုန်တိုင်းဒေသကြီး၏ မွေးဖွားစဉ်မျှော်မှန်းသက်တမ်း (၇၂.၅ နှစ်) သည် အမြင့်ဆုံးဖြစ်ပါသည်။
- သေဆုံးရသည့်အကြောင်းရင်းများတွင် ရောဂါကြောင့်သေဆုံးခြင်း (၉၁.၆%) သည် အများဆုံးဖြစ်ပြီး မတော်တဆထိခိုက်မှု၊ အကြမ်းဖက်မှုနှင့် အခြားအကြောင်းရင်းများသည် ရာခိုင်နှုန်းအနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

## အိမ်ထောင်စုအရွယ်အစားနှင့် ဖွဲ့စည်းမှုပုံစံ




- **ပျမ်းမျှအိမ်ထောင်စုအရွယ်အစား**သည် ၂၀၁၄ ခုနှစ်တွင် ၄.၄ ဦး ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၃.၈ ဦးသို့ လျော့ကျလာကြောင်း တွေ့ရှိရပါသည်။
- ပျမ်းမျှအိမ်ထောင်စုအရွယ်အစားသည် ကချင်ပြည်နယ်တွင် အိမ်ထောင်စု တစ်စုၡ ၄.၅ ဦးဖြင့် အကြီးဆုံးဖြစ်ပါသည်။
- အိမ်ထောင်စုများ၏ ၂၇ ရာခိုင်နှုန်းသည် **အမျိုးသမီးဦးစီးသော အိမ်ထောင်စု** များ ဖြစ်ပါသည်။ မြို့ပြဒေသ၏ အမျိုးသမီး အိမ်ထောင်ဦးစီး ရာခိုင်နှုန်းသည် ကျေးလက်ဒေသထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။
- အမျိုးသမီးအိမ်ထောင်ဦးစီးများကို အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပိုင်းအုပ်စုများတွင် ပိုမိုတွေ့ရှိရပြီး အမျိုးသမီးများ၏ မျှော်မှန်းသက်တမ်းမြင့်မားမှုသည် သက်ကြီးပိုင်းတွင် အမျိုးသမီးအိမ်ထောင်ဦးစီး အရေအတွက် များပြားလာခြင်းကို ဖြစ်ပေါ်စေနိုင်ကြောင်း ညွှန်ပြနေပါသည်။

## ကိုင်ဆောင်သည့်လက်မှတ်နှင့် မွေးစာရင်း

- အသက် ၁၈ နှစ်နှင့်အထက်လူဦးရေ၏ **၉၃.၆ ရာခိုင်နှုန်း**သည် **နိုင်ငံသားစိစစ်ရေးကတ်** ကိုင်ဆောင်ထားကြောင်း တွေ့ရှိရပါသည်။
- အရွယ်ရောက်ပြီးသူ ၄.၅ ရာခိုင်နှုန်းခန့်သည် မည်သည့်ကတ်မျှ ကိုင်ဆောင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။
- အသက် ၁၅ နှစ်နှင့်အောက်ကလေး **၉၃.၈ ရာခိုင်နှုန်း**သည် **မွေးစာရင်း**ရှိကြပါသည်။
- ရခိုင်ပြည်နယ် (၆၉.၂%) နှင့် စစ်ကိုင်းတိုင်းဒေသကြီး (၈၄.၂%) တို့တွင် မွေးစာရင်း မှတ်ပုံတင်မှုရာခိုင်နှုန်း နည်းပါးကြောင်းတွေ့ရှိရပါသည်။







# အိမ်အကြောင်းအရာ



၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများနေထိုင်သည့်ပုံစံကို ပြဆိုနေပါသည်။ သန်းခေါင်စာရင်းတွင် အိမ်အမျိုးအစား၊ အခန်းနှင့် အိပ်ခန်းအရေအတွက်၊ အစားအစာ ချက်ပြုတ်သည့်နေရာ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ ရေရရှိမှုနှင့် အိမ်သာ အသုံးပြုမှုစသည်တို့ကို ထည့်သွင်းကောက်ယူခဲ့ပါသည်။ အချက်အလက်များအရ မြို့ပြ/ကျေးလက် ကွာဟမှုရှိကြောင်း တွေ့ရှိရပါသည်။ မြို့ပြတွင် ခေတ်မီအိမ်ရာနှင့် ဝန်ဆောင်မှုများကို ရရှိအသုံးပြုလျက်ရှိပြီး ကျေးလက်တွင် ဒေသအလိုက်ရရှိနိုင်သည့် ပစ္စည်းများနှင့် မိရိုးဖလာအလေ့အထများအပေါ် ဆက်လက်မှီခိုနေရဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

## နေအိမ်အမျိုးအစားနှင့် အိမ်အရည်အသွေး

- **အများဆုံးနေထိုင်သည့် နေအိမ်အမျိုးအစားများ**
  - ပျဉ်ထောင်အိမ်/သစ်သားအိမ် (၃၈%)
  - ဝါးအိမ် (၂၁%)
  - တိုက်အိမ် (၂၁%)
- **တိုက်ခန်းတွဲ/တိုက်ခန်း**
  - မြို့ပြ - ၂၁%၊ ကျေးလက် - ၃%
- **အိမ်ဆောက်လုပ်ရာတွင် အဓိကအသုံးပြုသည့် ပစ္စည်းအမျိုးအစားများ**
  - နံရံ - အုတ်ကြွပ်/အုတ်/ကွန်ကရစ် (၃၅%)၊ သစ်သား (၂၅%)၊ ဝါး (၂၃%)
  - အမိုး - သွပ် (၈၁%)
  - ကြမ်းခင်း - သစ်သား (၄၈%)၊ အုတ်ကြွပ်/အုတ်/ကွန်ကရစ် (၃၆%)၊ ဝါး (၁၂%)
- မြို့ပြ/ကျေးလက် ကွာဟမှုရှိပြီး မြို့ပြတွင် **အုတ်ကြွပ်/အုတ်/ကွန်ကရစ်**ကို ပိုမိုအသုံးပြု၍ ကျေးလက်တွင် **သစ်သား/ဝါး**ကို ပိုမိုအသုံးပြုကြပါသည်။




| | တိုက်ခန်းတွဲ/တိုက်ခန်း | တိုက်အိမ် | တိုက်ခံအိမ် | ပျဉ်ထောင်အိမ်/သစ်သားအိမ် | ဝါးအိမ် | တဲအိမ် | အခြား |
|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၉.၄ | ၂၀.၅ | ၉.၃ | ၃၈.၀ | ၂၀.၅ | ၁.၈ | ၀.၅ |
| မြို့ပြ | ၂၀.၆ | ၂၇.၀ | ၁၁.၁ | ၂၉.၄ | ၁၀.၀ | ၁.၂ | ၀.၇ |
| ကျေးလက် | ၂.၆ | ၁၆.၇ | ၈.၂ | ၄၃.၃ | ၂၆.၈ | ၂.၁ | ၀.၃ |

## အိမ်ပိုင်ဆိုင်မှု

- **အိမ်ထောင်စုများ၏ ၈၅ ရာခိုင်နှုန်းသည် အိမ်ပိုင်ဆိုင်ကြပါသည်။**
- ကျေးလက်တွင် အိမ်ထောင်စု ၉၄ ရာခိုင်နှုန်းသည် အိမ်ပိုင်ဆိုင်ကြ၍ ၄ ရာခိုင်နှုန်းသာ ငှားရမ်းနေထိုင်ကြပါသည်။
- မြို့ပြတွင် အိမ်ထောင်စု ၆၉ ရာခိုင်နှုန်းသည် အိမ်ပိုင်ဆိုင်ကြ၍ ၂၃ ရာခိုင်နှုန်းသည် ငှားရမ်းနေထိုင်ကြပါသည်။
- အစိုးရဝန်ထမ်းအိမ်ရာများ (၃%) နှင့် ပုဂ္ဂလိကဝန်ထမ်းအိမ်ရာများ (၁%) သည် မြို့ပြတွင် ပိုများပါသည်။

## အခန်းနှင့် အိပ်ခန်းအရေအတွက်

- **အခန်းသုံးခန်းပါသောအိမ်များသည် အများဆုံး**ဖြစ်ပြီး ၃၄ ရာခိုင်နှုန်း ရှိပါသည်။
- **အခန်းတစ်ခန်းပါသောအိမ်များ**သည် မြို့ပြတွင် ၁၆ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၉ ရာခိုင်နှုန်း ဖြစ်သဖြင့် မြို့ပြက ပိုများပါသည်။
- **အိပ်ခန်းတစ်ခန်းပါသောအိမ်များ**သည် ၆၂ ရာခိုင်နှုန်းနှင့် အိပ်ခန်းနှစ်ခန်းပါသောအိမ်များသည် ၂၈ ရာခိုင်နှုန်းအသီးသီးရှိပြီး အိပ်ခန်းသုံးခန်းနှင့်အထက်ပါသောအိမ်များသည် ၉ ရာခိုင်နှုန်းသာရှိပါသည်။
- **လူများပြွတ်သိပ်စွာနေထိုင်ခြင်း**
    - အိမ်ထောင်စု ၂၀ ရာခိုင်နှုန်းသည် အခန်းတစ်ခန်းတွင် လူ ၁.၅ ဦးထက်ပို၍ နေထိုင်ကြပါသည်။
    - အခန်းတစ်ခန်းတွင် လူ ၂ ဦးအထက် အလွန်အမင်းပြွတ်သိပ်စွာနေထိုင်သော အိမ်ထောင်စုသည် မြို့ပြတွင် ၁၂ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၈ ရာခိုင်နှုန်း ရှိပါသည်။
    - တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် လူများပြွတ်သိပ်စွာနေထိုင်မှု မြင့်မားပါသည်။

အခန်းတစ်ခန်းတွင် နေထိုင်သော ပျမ်းမျှလူဦးရေ (မြို့ပြ/ကျေးလက်)

| မြို့ပြ/ကျေးလက် | အခန်းတစ်ခန်းတွင်နေထိုင်သောလူဦးရေ | | | |
|---|---|---|---|---|
| | ၁.၅ ဦးနှင့်အောက် | ၁.၅၁ ဦးမှ ၂ ဦး | ၂ ဦးအထက် | စုစုပေါင်း |
| **ပြည်ထောင်စု** | **၈၀.၁** | **၁၀.၄** | **၉.၅** | **၁၀၀** |
| မြို့ပြ | ၇၆.၆ | ၁၁.၅ | ၁၁.၉ | ၁၀၀ |
| ကျေးလက် | ၈၂.၃ | ၉.၇ | ၈.၀ | ၁၀၀ |

## အစားအစာချက်ပြုတ်သည့်နေရာ

- **အိမ်ထောင်စု ၈၁ ရာခိုင်နှုန်းသည် သီးခြားမီးဖိုခန်းကို အသုံးပြုကြပြီး** ကျေးလက်တွင် ပိုများပါသည်။
- **မီးဖိုခန်းမရှိသည့် အိမ်ထောင်စု**များသည် မြို့ပြတွင် ၁၀ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၇ ရာခိုင်နှုန်းရှိပါသည်။
- အိမ်ထောင်စု ၅ ရာခိုင်နှုန်းသည် **အိမ်အပြင်ဘက်တွင် အစားအစာချက်ပြုတ်**ကြပါသည်။

## စွမ်းအင်သုံးစွဲမှု

- **အလင်းရောင်အတွက်အဓိကအသုံးပြုသည့် မီးအမျိုးအစား**
  - လျှပ်စစ်မီး - ၆၆ ရာခိုင်နှုန်း (မြို့ပြ - ၉၁%၊ ကျေးလက် - ၅၂%)
  - နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) - ၂၀ ရာခိုင်နှုန်း (မြို့ပြ ၃%၊ ကျေးလက် ၃၀%)




- **ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့် လောင်စာအမျိုးအစား**
  - လျှပ်စစ်မီး - ၅၅ ရာခိုင်နှုန်း (မြို့ပြ - ၈၃%၊ ကျေးလက် - ၃၈%)
  - သစ်သား/ထင်း - ၃၉ ရာခိုင်နှုန်း (ကျေးလက် - ၅၇%၊ မြို့ပြ - ၁၀%)




- **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှု**
  - အလင်းရောင်အတွက် နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) - ၂၀ ရာခိုင်နှုန်း
  - အစားအစာချက်ပြုတ်ရန် - ၁ ရာခိုင်နှုန်း

## အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲမှု

- **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ**
  - လက်ကိုင်ဖုန်း/ကြိုးဖုန်း - ၈၃ ရာခိုင်နှုန်း (မြို့ပြ - ၉၂%၊ ကျေးလက် - ၇၈%)
  - အိမ်တွင် အင်တာနက်တပ်ဆင်ထားခြင်း (လက်ကိုင်ဖုန်းမှတစ်ဆင့်အပါအဝင်) - ၅၇ ရာခိုင်နှုန်း (မြို့ပြ - ၆၆%၊ ကျေးလက် - ၅၂%)
  - ရုပ်မြင်သံကြား - ၄၆ ရာခိုင်နှုန်း (မြို့ပြ - ၅၉%၊ ကျေးလက် - ၃၉%)
  - ကွန်ပျူတာ - ၄ ရာခိုင်နှုန်း (မြို့ပြ - ၉%၊ ကျေးလက် - ၁%)
- **သယ်ယူပို့ဆောင်ရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ**
  - မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား - ၅၀ ရာခိုင်နှုန်း (မြို့ပြ - ၄၈%၊ ကျေးလက် - ၅၁%)
  - စက်ဘီး - ၃၀ ရာခိုင်နှုန်း (မြို့ပြ - ၃၃%၊ ကျေးလက် - ၂၉%)
  - ကား/ပစ်ကပ်/ထရပ်ကား/ဗင်န် - ၇ ရာခိုင်နှုန်း (မြို့ပြ - ၁၂%၊ ကျေးလက် - ၄%)
  - လှည်း (ကျွဲ၊ နွား၊ မြင်းစသဖြင့်) - ၁၁ ရာခိုင်နှုန်း (မြို့ပြ - ၁%၊ ကျေးလက် - ၁၆%)

# ရေရရှိမှု၊ အိမ်သာအသုံးပြုမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု

- **ရေရရှိမှု**
  - o **ကောင်းမွန်သော ရေအရင်းအမြစ်အသုံးပြုမှု - ၈၈ ရာခိုင်နှုန်း** (မြို့ပြ - ၉၅%၊ ကျေးလက် - ၈၅%)
  - o ရေသန့်ဘူး/ ပုလင်း/ ရေသန့်စက်မှ ရေအသုံးပြုမှု ရာခိုင်နှုန်း - ၂၃ ရာခိုင်နှုန်း (မြို့ပြ - ၄၆%၊ ကျေးလက် - ၁၀%)
  - o ကောင်းမွန်ခြင်း မရှိသော ရေအရင်းအမြစ် အသုံးပြုမှု - ဧရာဝတီတိုင်းဒေသကြီး (၂၅%)၊ ရခိုင်ပြည်နယ် (၁၃%) နှင့် စစ်ကိုင်းတိုင်းဒေသကြီး (၁၂%) တို့တွင် မြင့်မားပါသည်။




- **အိမ်သာအသုံးပြုမှု**
  - o **သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှု- ၉၂ ရာခိုင်နှုန်း** (မြို့ပြ - ၉၇%၊ ကျေးလက် - ၉၀%)
  - o ရေဆွဲအိမ်သာအသုံးပြုမှု - ၁၀ ရာခိုင်နှုန်း (မြို့ပြ - ၁၉%၊ ကျေးလက် - ၄%)
  - o ရခိုင်ပြည်နယ်သည် မသန့်ရှင်းသောအိမ်သာသုံးစွဲမှု အမြင့်ဆုံး (၁၉%) ဖြစ်ပါသည်။




- **တစ်ကိုယ်ရေသန့်ရှင်းမှု**
  - o အိမ်ထောင်စု **၇၀ ရာခိုင်နှုန်း**သည် လက်ဆေးရန် နေရာတွင် ဆပ်ပြာနှင့် ရေထားရှိသည့် **အခြေခံ လက်ဆေးခြင်း ဝန်ဆောင်မှု**ကို အသုံးပြုကြပါသည်။ (မြို့ပြ ၇၂%၊ ကျေးလက် ၆၉%)
  - o အိမ်ထောင်စု ၁၁ ရာခိုင်နှုန်းတွင် လက်ဆေးရန် နေရာမရှိကြောင်းတွေ့ရှိရပါသည်။




- **အမှိုက်စွန့်ပစ်မှု**
  - o အိမ်ထောင်စု **၃၀ ရာခိုင်နှုန်း**သည် **စည်ပင်အသိအမှတ်ပြု ဝန်ဆောင်မှုပေးသူများမှတစ်ဆင့် အမှိုက်စွန့်ပစ်**ကြပါသည်။ (မြို့ပြ - ၆၉%၊ ကျေးလက် - ၇%)
  - o ကျေးလက်ရှိ အိမ်ထောင်စုအများစုသည် အမှိုက်များကို **သတ်မှတ်ထားသောနေရာ/ မိမိအိမ်ခြံဝင်း အတွင်း စွန့်ပစ်ခြင်း/ ကျင်းတူး၍မြေမြှုပ်ခြင်း/ မီးရှို့ခြင်းများ** ပြုလုပ်ကြပါသည်။

### အမှိုက်စွန့်ပစ်မှုစနစ်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း

| အမှိုက်စွန့်ပစ်မှု | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| ဝန်ဆောင်မှုပေးသူများမှ အမှိုက်သိမ်းခြင်း (စည်ပင်အသိအမှတ်ပြုသူ) | ၃၀.၂ | ၆၉.၁ | ၇.၀ |
| ဝန်ဆောင်မှုပေးသူများမှ အမှိုက်သိမ်းခြင်း (အခြားဝန်ဆောင်မှုပေးသူ) | ၃.၁ | ၄.၇ | ၂.၂ |
| သတ်မှတ်ထားသောနေရာ/ မိမိအိမ်ခြံဝင်းအတွင်း အမှိုက်စွန့်ပစ်ခြင်း၊ မြေမြှုပ်ခြင်း (သို့) မီးရှို့ခြင်း | ၄၈.၉ | ၂၁.၃ | ၆၅.၄ |
| ကြုံရာနေရာတွင်စွန့်ပစ်ခြင်း/ အခြား | ၁၇.၈ | ၄.၉ | ၂၅.၄ |

## ပညာရေး



ပညာရေးသည် မြန်မာ့လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် နိုင်ငံသားတို့၏ စာတတ်မြောက်မှု၊ ကျောင်းတက်ရောက်နိုင်မှုတို့တွင် သိသာထင်ရှားသောတိုးတက်မှုကို တွေ့မြင်ရပြီး **ဒေသအလိုက်၊ မြို့ပြ/ ကျေးလက်အလိုက်၊ ကျား/မအလိုက် ကွာခြားချက်**များကိုလည်း ဖော်ပြထားပါသည်။

### အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ စာတတ်မြောက်မှုနှင့်တွက်ချက်နိုင်မှု

- ပြည်ထောင်စုအဆင့် **စာတတ်မြောက်မှုနှုန်း ၉၂.၁ ရာခိုင်နှုန်း**ရှိ၍ **တွက်ချက်နိုင်မှုနှုန်း ၉၂.၃ ရာခိုင်နှုန်း**ရှိပါသည်။
- မြို့ပြစာတတ်မြောက်မှုနှုန်းမှာ ၉၅.၀ ရာခိုင်နှုန်းရှိ၍ ကျေးလက်စာတတ်မြောက်မှုနှုန်း ၉၀.၁ ရာခိုင်နှုန်း ရှိပါသည်။
- **စာတတ်မြောက်မှုနှုန်း အမြင့်ဆုံးဒေသများ**မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ပြီး ၉၄ ရာခိုင်နှုန်းအထက် ရှိပါသည်။
- **စာတတ်မြောက်မှုနှုန်း အနိမ့်ဆုံးဒေသများ**မှာ ရခိုင်ပြည်နယ် (၇၁.၀%)၊ ရှမ်းပြည်နယ် (၇၃.၂%) နှင့် ကရင်ပြည်နယ် (၇၈.၁%) တို့ဖြစ်ပါသည်။
- အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်းသည် ၉၃.၅ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးသည် ၉၀.၉ ရာခိုင်နှုန်း ဖြစ်၍ **အမျိုးသားများ၏စာတတ်မြောက်နှုန်းက အနည်းငယ်ပို၍ မြင့်မား**ပါသည်။







## အသက် ၃ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူဦးရေ၏ ကျောင်းတက်ရောက်မှုအခြေအနေ

- **လူဦးရေ ၁၀.၅ သန်းအနက်-**
  - ၅၆.၁ ရာခိုင်နှုန်းသည် လက်ရှိကျောင်းတက်ရောက်နေပါသည်။
  - ၃၄.၁ ရာခိုင်နှုန်းသည် ကျောင်းတက်ရောက်ခဲ့ဖူးသူများဖြစ်ကြပါသည်။
  - ၉.၈ ရာခိုင်နှုန်းသည် လုံးဝကျောင်းမနေဘူးသူများ ဖြစ်ကြပါသည်။




- **မြို့ပြဒေသ၏အားသာချက်**
  - လုံးဝကျောင်းမနေဘူးသူများတွင် မြို့ပြ၌ ၇.၂ ရာခိုင်နှုန်းသာရှိ၍ ကျေးလက်၌ ၁၁.၄ ရာခိုင်နှုန်း ရှိပါသည်။




- **ဒေသအလိုက်ကွာခြားချက်**
  - ကျောင်းတက်ရောက်မှုနှုန်း အမြင့်ဆုံးအနေဖြင့် နေပြည်တော်သည် ၆၄.၉ ရာခိုင်နှုန်းရှိ၍ ကချင်ပြည်နယ်သည် ၆၄.၅ ရာခိုင်နှုန်းရှိပါသည်။
  - ကျောင်းတက်ရောက်မှုနှုန်း အနိမ့်ဆုံးအနေဖြင့် ရခိုင်ပြည်နယ်သည် ၃၉.၄ ရာခိုင်နှုန်းရှိ၍ ရှမ်းပြည်နယ်သည် ၄၈.၈ ရာခိုင်နှုန်းရှိပါသည်။

- အသက် ၁၅ နှစ်အရွယ်လူဦးရေ **၅ ဦးတွင် ၃ ဦးသာ လက်ရှိကျောင်းတက်ရောက်နေပြီး** အသက် ၂၀ အရွယ် **လူဦးရေ ၆ ဦးတွင် ၁ ဦးသာ ပညာဆက်လက်သင်ကြားလျက်ရှိ**နေပါသည်။

## အသက် ၂၅ နှစ်နှင့်အထက်လူဦးရေ၏ အမြင့်ဆုံးအောင်မြင်ပြီးစီးခဲ့သည့် အတန်း/ပညာအဆင့်




- **အခြေခံပညာရေးလွှမ်းခြုံမှု**
  - KG နှင့် မူလတန်းအဆင့်တွင် ၄၆.၀ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများက အမျိုးသားများထက် သာလွန်မြင့်မားပါသည်။
  - အလယ်တန်းအဆင့်တွင် ၂၃.၈ ရာခိုင်နှုန်းရှိပြီး အမျိုးသားများက အမျိုးသမီးများထက် သာလွန်မြင့်မားပါသည်။
  - အထက်တန်းအဆင့်တွင် ၁၄.၀ ရာခိုင်နှုန်းရှိပါသည်။

- **အဆင့်မြင့်ပညာရေး**
  - တက္ကသိုလ်/ကောလိပ်အဆင့်တွင် ၁.၆ ရာခိုင်နှုန်းရှိပါသည်။
  - ဘွဲ့ရပြီးသူများအနေဖြင့် ၁၁.၅ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများက ၁၃.၂ ရာခိုင်နှုန်းရှိပြီး အမျိုးသားများက ၉.၅ ရာခိုင်နှုန်းရှိပါသည်။
  - မဟာဘွဲ့/ပါရဂူဘွဲ့ရသူများသည် ၁ ရာခိုင်နှုန်းအောက်သာရှိပါသည်။
- **ဘွဲ့ရအဆင့်တွင် အမျိုးသမီးများက ပိုများပါသည်။**

## ကျောင်းဆက်မနေရသည့်အဓိကအကြောင်းရင်း

- **မိသားစုတာဝန်များ/အိမ်အလုပ်များ ကူညီနေရခြင်း**ကြောင့် ကျောင်းဆက်မနေရသူ ၂၇.၁ ရာခိုင်နှုန်း ရှိပါသည်။
- **ငွေကြေးမတတ်နိုင်သောကြောင့် ကျောင်းဆက်မနေရသူ** ၂၀.၆ ရာခိုင်နှုန်းရှိ၍ **အလုပ်လုပ်ကိုင်ရန်အတွက် ကျောင်းထွက်ရသူ**မှာ ၂၅.၂ ရာခိုင်နှုန်း (စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂.၁% နှင့် စိုက်ပျိုးရေးနှင့် မဆိုင်သောလုပ်ငန်း လုပ်ကိုင်သူ ၁၃.၁%) ရှိပါသည်။
- မကျန်းမာခြင်း၊ စာသင်ရန်စိတ်မဝင်စားခြင်း၊ အိမ်ထောင်ကျခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ လမ်းခရီးမလုံခြုံခြင်း စသည့်အကြောင်းရင်းများကြောင့် ကျောင်းဆက်မတက်နိုင်ခြင်းမှာ ၁၀ ရာခိုင်နှုန်းအောက်သာရှိပါသည်။



# စီးပွားရေးဆိုင်ရာ အကြောင်းအရာ



၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံ၏ လုပ်သားအင်အားအခြေအနေကို ဖော်ညွှန်းနေပါသည်။ သန်းခေါင်စာရင်း အချက်အလက်များအရ မြန်မာနိုင်ငံတွင် လုပ်သားအင်အားပါဝင်မှု လျော့နည်းခြင်း၊ ကျား/မ ကွာခြားမှုမြင့်မားခြင်းတို့ကို တွေ့ရှိရပြီး အလုပ်လုပ်သူအများစုသည် ကိုယ်ပိုင်လုပ်ငန်းနှင့် အခကြေးငွေမရသော မိသားစုဝင် လုပ်သား/မိသားစုဝင်လုပ်ငန်းတို့တွင် အများဆုံး ပါဝင်လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

## လုပ်သားအင်အားပါဝင်မှု

- **အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ ၄၇.၅ ရာခိုင်နှုန်း**သည် လုပ်သားအင်အားတွင် ပါဝင်ပါသည်။
- အမျိုးသား ၆၃.၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၃၄.၁ ရာခိုင်နှုန်းဖြစ်ပြီး ကျား/မကွာဟမှု မြင့်မားပါသည်။
- ကျေးလက်ဒေသ လုပ်သားအင်အားပါဝင်မှု (၄၈.၁%) သည် မြို့ပြဒေသ လုပ်သားအင်အားပါဝင်မှု (၄၅.၄%) ထက် အနည်းငယ်ပိုများပါသည်။




## အလုပ်လက်မဲ့

- **အလုပ်လက်မဲ့နှုန်းသည် ၀.၇ ရာခိုင်နှုန်းသာ** ရှိပါသည် (မြို့ပြ ၀.၈%၊ ကျေးလက် ၀.၆%)။
- အမျိုးသမီးများ၏ အလုပ်လက်မဲ့နှုန်း (၀.၉%) သည် အမျိုးသားများ၏ အလုပ်လက်မဲ့နှုန်း (၀.၆%) ထက် ပို၍ မြင့်မားပါသည်။
- ချင်းပြည်နယ် (၆.၀%) နှင့် ရခိုင်ပြည်နယ် (၄.၆%) တို့တွင် အလုပ်လက်မဲ့နှုန်း သိသိသာသာ မြင့်မားသည်ကို တွေ့ရှိရပါသည်။

## လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး

- **အရွယ်ရောက်ပြီးသူ ၄၇.၂ ရာခိုင်နှုန်း**သည် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။
- ကျား/မကွာခြားမှု မြင့်မားပါသည်။
- ရှမ်းပြည်နယ် (၆၀.၆%) သည် အမြင့်ဆုံးဖြစ်ပြီး ချင်းပြည်နယ် (၂၃.၄%) နှင့် ရခိုင်ပြည်နယ် (၂၁.၈%) တို့သည် အနိမ့်ဆုံးဖြစ်ပါသည်။

## အသက်အုပ်စုအလိုက် လုပ်သားအင်အားပါဝင်မှု




- အသက် ၁၅ - ၁၉ အုပ်စုတွင် လုပ်သားအင်အားပါဝင်နှုန်း လျော့နည်းပြီး **၂၅.၈ ရာခိုင်နှုန်း** သာရှိပါသည်။ အသက် ၃၀ ကျော်နှင့် ၄၀ ကျော်နှစ်များအကြားတွင် အမြင့်ဆုံးဖြစ်ပါသည်။
- အမျိုးသားများသည် အသက် ၄၀ - ၄၄ အုပ်စုတွင် အမြင့်ဆုံးဖြစ်ပြီး **၈၀.၈ ရာခိုင်နှုန်း** ဖြစ်ပါသည်။ အမျိုးသမီးများသည် အသက် ၂၅ - ၂၉ အုပ်စုတွင် အမြင့်ဆုံးဖြစ်ပြီး **၄၅ ရာခိုင်နှုန်း** ဖြစ်ပါသည်။
- အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်မှုသည် အသက်အရွယ် အစောပိုင်းမှာပင်စ၍ ကျဆင်းလာပါသည်။
- အသက်အုပ်စုအားလုံးတွင် ကျား/မကွာခြားမှုရှိပြီး အဓိကအလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်များတွင် ကွာခြားမှုအများဆုံးဖြစ်ပါသည်။

## အလုပ်အကိုင်အခြေအနေ

အလုပ်လုပ်ကိုင်နေသူများအနက်-

- **ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ** အများဆုံးဖြစ်ပြီး ၃၆.၆ ရာခိုင်နှုန်းရှိပါသည်။
- **ပုဂ္ဂလိက/အဖွဲ့အစည်းများတွင် လုပ်ကိုင်သူ** ၃၁.၉ ရာခိုင်နှုန်းရှိပြီး ကျား/မကွာခြားမှု နည်းပါသည်။
- **အစိုးရဝန်ထမ်း**သည် ၈.၃ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးရာခိုင်နှုန်းသည် အမျိုးသားရာခိုင်နှုန်းထက် အနည်းငယ် ပိုများသည်။
- **အခကြေးငွေမရသော မိသားစုဝင်လုပ်သား/ မိသားစုလုပ်ငန်းတွင် လုပ်ကိုင်သူ**သည် ၈.၇ ရာခိုင်နှုန်းရှိပြီး အမျိုးသမီး (၁၁.၉%) သည် အမျိုးသား (၆.၆%) ထက် သိသိသာသာ ပို၍များပါသည်။
- **အလုပ်ရှင်** ၈.၂ ရာခိုင်နှုန်းရှိပြီး အမျိုးသားက ပို၍များပါသည်။
- **လုပ်ခရသောအလုပ်သင်**မှာ ၅.၄ ရာခိုင်နှုန်း ရှိပါသည်။



# မသန်စွမ်းမှု

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မသန်စွမ်းမှုနှင့် ပတ်သက်၍ အဓိကအမျိုးအစား (၆) မျိုး (အမြင်၊ အကြား၊ ပစ္စည်းကိုင်တွယ်/ လမ်းလျှောက်/ လှေကားတက်၊ မှတ်ဉာဏ်/သင်ယူလေ့လာခြင်း၊ မိမိကိုယ်ကိုစောင့်ရှောက်နိုင်မှုနှင့် အခြားသူများနှင့်ဆက်သွယ်မှု) ကို **Washington Group Short Set of Questions** အသုံးပြု၍ မေးမြန်းကောက်ယူခဲ့ပါသည်။

## မသန်စွမ်းဖြစ်ပွားမှုနှုန်း

- **အသက် ၅ နှစ်အထက် လူဦးရေတွင် ၂.၂၉ သန်း (၇.၆%)** သည် မသန်စွမ်းမှု အနည်းဆုံး တစ်မျိုးမျိုးရှိပါသည်။
- **အမြင့်ဆုံး** - ချင်းပြည်နယ် (၁၂.၇%)၊ ရခိုင်ပြည်နယ် (၉.၉%)၊ ဧရာဝတီတိုင်းဒေသကြီး (၈.၉%)
- **အနိမ့်ဆုံး** - ရှမ်းပြည်နယ် (၅.၄%)၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး (၆.၁%)




- **မသန်စွမ်းလူဦးရေ အများဆုံး** - ရန်ကုန်တိုင်းဒေသကြီး (၆ သိန်းနီးပါး)၊ ဧရာဝတီတိုင်းဒေသကြီး (၄.၅ သိန်းကျော်)၊ မန္တလေးတိုင်းဒေသကြီး (၂.၆ သိန်းခန့်)

## မသန်စွမ်းမှုအမျိုးအစား

- အများဆုံးဖြစ်ပွားသည့် မသန်စွမ်းမှုအမျိုးအစား (ပြည်ထောင်စု)-
  - **အမြင်** (၄.၁%)
  - **ပစ္စည်းကိုင်တွယ်/ လမ်းလျှောက်/ လှေကားတက်** (၃.၁%)
  - **မှတ်ဉာဏ်/သင်ယူလေ့လာခြင်း** (၂.၈%)
  - **အကြား** (၂.၇%)

| မသန်စွမ်းမှု အမျိုးအစား | ပြည်ထောင်စု | ကျား | မ |
|---|---|---|---|
| အမြင်အာရုံ | ၄.၁ | ၃.၉ | ၄.၄ |
| အကြားအာရုံ | ၂.၇ | ၂.၅ | ၂.၉ |
| ပစ္စည်းကိုင်တွယ်/ လမ်းလျှောက်/ လှေကားတက်ခြင်း | ၃.၁ | ၃.၀ | ၃.၂ |
| မှတ်ဉာဏ်/သင်ယူလေ့လာခြင်း | ၂.၈ | ၂.၇ | ၃.၀ |
| မိမိကိုယ်ကို စောင့်ရှောက်ခြင်း | ၂.၆ | ၂.၅ | ၂.၇ |
| အခြားသူများနှင့် ဆက်သွယ်ခြင်း | ၂.၄ | ၂.၃ | ၂.၄ |

- ချင်းပြည်နယ်သည် မသန်စွမ်းမှုအမျိုးအစားအားလုံးတွင် အမြင့်ဆုံးဖြစ်ပြီး အမြင်အာရုံခက်ခဲမှု ၇.၁ ရာခိုင်နှုန်း၊ မှတ်ဉာဏ်/သင်ယူလေ့လာခြင်းတို့တွင် ခက်ခဲမှု ၇.၃ ရာခိုင်နှုန်း၊ အခြားသူများနှင့် ဆက်သွယ်ရာတွင်ခက်ခဲမှု ၆.၄ ရာခိုင်နှုန်းတို့ဖြစ်ပါသည်။
- ရခိုင်ပြည်နယ်သည် ဒုတိယအမြင့်ဆုံးဖြစ်ပြီး အမြင်အာရုံခက်ခဲမှု ၅.၅ ရာခိုင်နှုန်း၊ မှတ်ဉာဏ်/သင်ယူလေ့လာခြင်းတို့တွင် ခက်ခဲမှု ၅.၃ ရာခိုင်နှုန်း၊ အခြားသူများနှင့် ဆက်သွယ်ရာတွင် ခက်ခဲမှု ၄.၅ ရာခိုင်နှုန်းတို့ဖြစ်ပါသည်။

## အသက်နှင့် ကျား/မအလိုက် မသန်စွမ်းမှု

- **အသက်အရွယ်ကြီးလာသည်နှင့်အမျှ မသန်စွမ်းဖြစ်ပွားမှုရာခိုင်နှုန်း ပိုမိုမြင့်တက်လာပါသည်။**
  - ၀ အသက် ၅-၂၉ နှစ်အတွင်း ငယ်ရွယ်သည့် အုပ်စုများတွင် မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် ၅ ရာခိုင်နှုန်းအောက်သာရှိပါသည်။
  - ၀ အသက် ၅၅-၅၉ နှစ်အတွင်းတွင် ၁၁ ရာခိုင်နှုန်း ထိ သိသိသာသာ မြင့်တက်လာပါသည်။
  - ၀ အသက် ၈၀ နှစ်နှင့်အထက် အသက်အုပ်စု များတွင် ၄၀ ရာခိုင်နှုန်းကျော် ရှိပါသည်။




- အမျိုးသားများနှင့် အမျိုးသမီးများအကြား **မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် ငယ်ရွယ်စဉ်တွင် အနည်းငယ်သာ ကွာခြားမှုရှိပါသည်။**
- အသက် ၆၀ နှစ်နောက်ပိုင်းတွင် အမျိုးသားများထက် **အမျိုးသမီးများတွင် မသန်စွမ်းဖြစ်ပွားမှုနှုန်း ပိုမိုမြင့်တက်လာပါသည်။**

## ခက်ခဲမှုအတိုင်းအတာ

- မသန်စွမ်းသူအများစုသည် **"အနည်းငယ်ခက်ခဲ"** အုပ်စုတွင် ပါဝင်ပါသည်။
- လူဦးရေ၏ **၀.၅ ရာခိုင်နှုန်းအောက်** သာ "အများကြီးခက်ခဲ" သို့မဟုတ် "လုံးဝမကောင်းပါ" ဟု ဖြေဆိုကြပါသည်။
- မသန်စွမ်းမှု အမျိုးအစားတိုင်းတွင် **အမျိုးသမီးများသည်** အမျိုးသားများထက် **မသန်စွမ်းမှု ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။**

# ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း



ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြများထွန်းကားလာခြင်းသည် မြန်မာနိုင်ငံ၏ လူဦးရေပုံသဏ္ဍာန်ကို ပြောင်းလဲစေနိုင်ကြောင်း တွေ့ရှိရပါသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်တွင်း၌ လူဦးရေရွှေ့ပြောင်းမှုများ တိုးပွားလာသည့်အပြင် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေကြသူများ တိုးတက်များပြားလာကြောင်း၊ မြို့ပြထွန်းကားလာမှုမှာ တဖြေးဖြေး တိုးတက်လာသော်လည်း အညီအမျှဖွံ့ဖြိုးလာခြင်း မဟုတ်ကြောင်း တွေ့ရှိရပါသည်။

## ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း

- **အရွယ်အစား – ကောက်ယူရရှိသော လူဦးရေစုစုပေါင်း၏ ၁၂ ရာခိုင်နှုန်း** (၃.၉ သန်းခန့်) သည် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ (ဘဝတစ်လျှောက် အနည်းဆုံးတစ်ကြိမ် ရွှေ့ပြောင်းသွားလာသူများ သို့မဟုတ် လတ်တလော ရွှေ့ပြောင်းသွားလာသူများ) ဖြစ်သည်။

- **ဦးတည်ရာဒေသများ**
  - **ရန်ကုန်မြို့** - လူဦးရေ ၁,၀၀၀ ဦးတွင် ဘဝတစ်လျှောက် ရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (+)၁၆၇ ဦး၊ လတ်တလောရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (+)၁၃၅ ဦး
  - **နေပြည်တော်** - လူဦးရေ ၁,၀၀၀ ဦးတွင် ဘဝတစ်လျှောက် ရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (+)၁၇၀ ဦး၊ လတ်တလောရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (+)၁၄၄ ဦး
  - **ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်**တို့တွင်လည်း အသားတင်ရွှေ့ပြောင်းနှုန်းများသည် အပေါင်းလက္ခဏာပြသနေပါသည်။
- **လူဦးရေ ပြောင်းထွက်နှုန်းမြင့်မားသောဒေသများ**
  - **ချင်းပြည်နယ်** - ဘဝတစ်လျှောက် ရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (-)၉၀၇ ဦး၊ လတ်တလောရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (-)၇၅၉ ဦး၊
  - **ကယားပြည်နယ်** - ဘဝတစ်လျှောက် ရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (-)၄၆၆ ဦး၊ လတ်တလောရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (-)၄၆၇ ဦး
  - **ရခိုင်ပြည်နယ်** - ဘဝတစ်လျှောက် ရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (-)၅၇၄ ဦး၊ လတ်တလောရွှေ့ပြောင်းသူများ၏ အသားတင်ရွှေ့ပြောင်းနှုန်း (-)၄၈၉ ဦး
  - စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း လူဦးရေလျော့ကျနေကြောင်း တွေ့ရှိရပါသည်။




- **ကျား/မ ကွာခြားမှုများ**
  - အမျိုးသမီးများသည် အမျိုးသားများထက် **ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်**သို့ ပိုမိုရွှေ့ပြောင်းကြပါသည်။
  - ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်ကဲ့သို့သော လူဦးရေအထွက်များသည့် ပြည်နယ်များတွင် **အမျိုးသမီးများ၏ ပြောင်းထွက်မှုမှာ အမျိုးသားများထက် အလွန်မြင့်မားနေကြောင်း** တွေ့ရှိရပါသည် (ဥပမာ - ချင်းပြည်နယ်မှ ဘဝတစ်လျှောက် ပြောင်းထွက်နှုန်းမှာ အမျိုးသမီးဦးရေ ၁,၀၀၀ ဦးတွင် (-)၁,၀၀၅ ဦး၊ အမျိုးသားဦးရေ ၁,၀၀၀ လျှင် (-)၈၀၀ ဦး)။

## ရွှေ့ပြောင်းမှုလမ်းကြောင်းများ

- **မြို့ပြမှ-မြို့ပြသို့ ရွှေ့ပြောင်းမှုမှာအဓိကဖြစ်သည်။** မြို့ပြများအကြား ရွှေ့ပြောင်းမှုသည် ရွှေ့ပြောင်းမှုအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်ဖြစ်ပါသည်။
- **ကျေးလက်မှ-မြို့ပြသို့ ရွှေ့ပြောင်းမှု** – ခန့်မှန်းအားဖြင့် ရွှေ့ပြောင်းမှု၏ လေးပုံတစ်ပုံခန့်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာရေးနှင့် အခြားဝန်ဆောင်မှုများ၏ ဆွဲဆောင်မှုကြောင့်ဖြစ်သည်ကို ဖော်ပြနေပါသည်။
- **ကျေးလက်မှ-ကျေးလက်သို့ ရွှေ့ပြောင်းမှုနှင့် မြို့ပြမှ-ကျေးလက်သို့ ရွှေ့ပြောင်းမှု**များမှာ အနည်းငယ် (၁၈% နှင့် ၇% ခန့်) သာ ရှိပါသည်။
- **ကျား/မကွာခြားချက်များ** – အနည်းငယ်သာရှိပြီး၊ အမျိုးသား၊ အမျိုးသမီးများ၏ ရွှေ့ပြောင်းမှုပုံစံမှာ အတူတူပင်ဖြစ်သည်။

| ရွှေ့ပြောင်းမှုလမ်းကြောင်း | မြို့ပြ-မြို့ပြ | ကျေးလက်-မြို့ပြ | ကျေးလက်-ကျေးလက် | မြို့ပြ-ကျေးလက် |
|---|---|---|---|---|
| ဘဝတစ်လျှောက်ရွှေ့ပြောင်းမှု | ၅၀.၃ | ၂၄.၇ | ၁၈.၄ | ၆.၆ |
| လတ်တလောရွှေ့ပြောင်းမှု | ၅၀.၆ | ၂၃.၉ | ၁၇.၉ | ၇.၆ |

## ရွှေ့ပြောင်းရသည့် အကြောင်းရင်းများ

- **အလုပ်ကြောင့်/အလုပ်ရှာရန်/စီးပွားရေးကြောင့်** – ၄၃ ရာခိုင်နှုန်း (အမျိုးသား ၅၆%၊ အမျိုးသမီး ၃၂%)
- **မိသားစုနောက်လိုက်၍** – ၃၂ ရာခိုင်နှုန်း (အမျိုးသမီး ၃၇%၊ အမျိုးသား ၂၅%)
- **အိမ်ထောင်ကျ၍** – ၁၈ ရာခိုင်နှုန်း (အမျိုးသမီး ၂၃%၊ အမျိုးသား ၁၂%)
- **ပဋိပက္ခများ/တိုက်ပွဲများကြောင့်** – တစ်နိုင်ငံလုံးအနေဖြင့် ၃.၃%




## ရွှေ့ပြောင်းသူများ၏ အချက်အလက်များ

- **အသက်အရွယ်** – ရွှေ့ပြောင်းနေထိုင်မှု အမြင့်ဆုံးအုပ်စုမှာ လူငယ်လူရွယ်များ ဖြစ်ပြီး အထူးသဖြင့် ၂၀ မှ ၃၄ နှစ်အတွင်း လူငယ်လူရွယ်များဖြစ်ပါသည်။
- **အိမ်ထောင်ရေးအခြေအနေ** – လတ်တလော ရွှေ့ပြောင်းနေထိုင်သူများတွင် လူပျို/အပျို ၃၆ ရာခိုင်နှုန်းရှိပြီး ဘဝတစ်လျှောက် ရွှေ့ပြောင်းနေထိုင်သူများတွင် လူပျို/အပျို ၂၅ ရာခိုင်နှုန်း ရှိပါသည်။
- **ပညာရေး** – ရွှေ့ပြောင်းသူအများစုသည် အခြေခံပညာအဆင့်သာရှိကြပြီး မူလတန်း ၃၄ ရာခိုင်နှုန်း၊ အလယ်တန်း ၂၅ ရာခိုင်နှုန်းရှိပါသည်။ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ ၂.၉ ရာခိုင်နှုန်းနှင့် ဘွဲ့ရ/ဘွဲ့လွန်အဆင့်ရှိသူ ၁၆ ရာခိုင်နှုန်းရှိပါသည်။

- **လုပ်သားအင်အား**
    - ၀ အမျိုးသားများ - ဘ၀တစ်လျှောက် ရွှေ့ပြောင်းသူများ၏ ၆၅ ရာခိုင်နှုန်းမှာ အလုပ်လုပ်ကိုင်နေသူများ ဖြစ်သည်။
    - ၀ အမျိုးသမီးများ - ၃၃ ရာခိုင်နှုန်းသာ အလုပ်လုပ်ကိုင်နေပြီး သုံးပုံနှစ်ပုံမှာ လုပ်သားအင်အားတွင် မပါဝင်သူများဖြစ်သည်။







## ပြည်ပရွှေ့ပြောင်းသွားလာမှု

- **အရွယ်အစား** - စာရင်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ဖြေဆိုမှုအရ ပြည်ပတွင် နေထိုင်သူ မြန်မာနိုင်ငံသား ၁.၁၂ သန်းကျော်ရှိ ပါသည်။




- **ရောက်ရှိနေသည့်နိုင်ငံများ**
    - ၀ **ထိုင်းနိုင်ငံသည် ၆၉ ရာခိုင်နှုန်းဖြင့်** အများဆုံးဖြစ်ပြီး **မလေးရှားနိုင်ငံတွင် ၁၂ ရာခိုင်နှုန်း** နှင့် **စင်ကာပူနိုင်ငံတွင် ၅ ရာခိုင်နှုန်း** အသီးသီးရှိပါသည်။
    - ၀ **ရန်ကုန်တိုင်းဒေသကြီးမှ** ရွှေ့ပြောင်းနေထိုင်သူများသည် နိုင်ငံစုံသို့ ရွှေ့ပြောင်းကြသည်ကို တွေ့ရှိရပါသည်။ (စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုးရီးယားနိုင်ငံ၊ အမေရိကန်နိုင်ငံ)
    - ၀ **ချင်းပြည်နယ်**မှ ရွှေ့ပြောင်းနေထိုင်သူများ၏ **၄၀ ရာခိုင်နှုန်းနီးပါး**သည် **အမေရိကန်နိုင်ငံ**တွင် နေထိုင်ကြပါသည်။
- **ရွှေ့ပြောင်းသူများ၏ မူလဒေသများ – ပြည်ပသို့ ရွှေ့ပြောင်းနေထိုင်သူများ၏ ထက်ဝက်ကျော်မှာ** ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး များမှ ဖြစ်ပါသည်။

ပြည်ပတွင်ရောက်ရှိနေထိုင်သော အိမ်ထောင်စုဝင်များ၏ လူဦးရေပိရမစ်




## ပြည်ပရွှေ့ပြောင်းသူများ၏ အချက်အလက်များ

- **အသက်အရွယ်** – ရွှေ့ပြောင်းသူများ၏ သုံးပုံနှစ်ပုံခန့်မှာ အသက် ၂၀–၃၄ နှစ်ကြားရှိပြီး၊ ၂၀–၂၉ နှစ် အရွယ်တွင် ရွှေ့ပြောင်းမှုအမြင့်ဆုံးဖြစ်ပါသည်။
- **ကျား/မ** – အမျိုးသားနှင့် အမျိုးသမီး ရွှေ့ပြောင်းမှုရာခိုင်နှုန်းမှာ ကွဲပြားမှုမရှိသော်လည်း ဘွဲ့ရ/ဘွဲ့လွန်အဆင့်တွင် အမျိုးသမီးများက အနည်းငယ် ပိုများပါသည်။

- **ပညာရေး**
  - မူလတန်း - ၃၂ ရာခိုင်နှုန်း
  - အလယ်တန်း - ၃၀ ရာခိုင်နှုန်း
  - အထက်တန်း - ၂၂ ရာခိုင်နှုန်း
  - ဘွဲ့ရ/ဘွဲ့လွန် - ၁၆ ရာခိုင်နှုန်း (အမျိုးသမီးများတွင်ပိုမိုမြင့်မားသည်)
- အများစုမှာ **ကျွမ်းကျင်မှုအနည်းငယ်သာရှိသော လူငယ်အလုပ်သမားများ** ဖြစ်ပြီး **ဘွဲ့ရ/ဘွဲ့လွန်အဆင့်ရှိသူ (အထူးသဖြင့် အမျိုးသမီးများ) အနည်းငယ်**လည်း ပြည်ပသို့ ရွှေ့ပြောင်းနေထိုင်ကြောင်း တွေ့ရှိရပါသည်။

## မြို့ပြထွန်းကားလာခြင်း

- **မြို့ပြလူဦးရေ** – မြန်မာနိုင်ငံလူဦးရေ၏ **၃၁ ရာခိုင်နှုန်း** (၁၅.၇ သန်း) သည် မြို့ပြများတွင် နေထိုင်ကြပါသည်။
- **မြို့ပြရာခိုင်နှုန်း အများဆုံးဒေသများ** – ရန်ကုန်တိုင်းဒေသကြီး (၆၈%)၊ မန္တလေးတိုင်းဒေသကြီး (၃၄%)၊ မွန်ပြည်နယ် (၃၅%) နှင့် နေပြည်တော် (၃၅%)
- **မြို့ပြရာခိုင်နှုန်း အနည်းဆုံးဒေသများ** – ဧရာဝတီတိုင်းဒေသကြီး (၁၆%)၊ မကွေးတိုင်းဒေသကြီး (၁၇%)၊ စစ်ကိုင်းတိုင်းဒေသကြီး (၁၈%)၊ ရခိုင်ပြည်နယ် (၁၉%)၊ ချင်းပြည်နယ် (၂၂%)



ဤအစီရင်ခံစာကို www.dop.gov.mm တွင် ရယူနိုင်ပါသည်။